# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## [ ၁၂–၁၁–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ရွေးကောက်တင်မြှောက်ခံရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄ ဦး နှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၈ ဦးတို့ ကတိသစ္စာပြုခြင်း နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေးနှင့် ဒသမပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း–

(က) ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၃၀–၉–၂၀၁၈ မှ ၆–၁၀–၂၀၁၈ ရက်နေ့အထိ **ဂျာမနီနိုင်ငံသို့ လေ့လာရေး** သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၏ ၂၆-၉-၂၀၁၈ မှ ၂၇-၉-၂၀၁၈ ရက်နေ့အထိ အင်ဒိုနီးရှား နိုင်ငံ **Southeast Asia and Pacific Regional Conference on International Humanitatian Law(IHL)** ညီလာခံသို့ သွားရောက် ခဲ့သည့် ခရီးစဉ်၊

(ဂ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပါမောက္ခ ဒေါက်တာဦးသန်းဝင်း ဦးဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ် ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၄-၁၀-၂၀၁၈ မှ ၁၈-၁၀-၂၀၁၈ ရက်နေ့အထိ ဆွစ်ဇာလန်နိုင်ငံ **(၁၃၇)ကြိမ်မြောက် နိုင်ငံတကာ ပါလီမန်များညီလာခံ** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်း၊ ဝါးခယ်မ မဲဆန္ဒနယ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၂-၁၀-၂၀၁၈ မှ ၃၁-၁၀-၂၀၁၈ ရက်နေ့အထိ **တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လေ့လာရေး** သွားရောက်ခဲ့သည့် ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၉-၁၀-၂၀၁၈ မှ ၃၀-၁၀-၂၀၁၈ ရက်နေ့အထိ စပိန်နိုင်ငံ **The Global Parliamentary Summit** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၏ ၅-၁၁-၂၀၁၈ ရက်နေ့တွင် ထိုင်းနိုင်ငံ **Roundtable Discussion on Regional Investment Framework for Migrant Health in the Greater Mekong Subregion** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဆ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဦးဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလုံဂျုံဆန်မိုင်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ် ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၈–၁၁–၂၀၁၈ မှ ၁၀–၁၁–၂၀၁၈ ရက်နေ့အထိ ထိုင်းနိုင်ငံ **King Prajadhipok's Institute (KPI) အဖွဲ့အစည်း၏ (၂၀)ကြိမ်မြောက် ကွန်ဂရက်** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဇ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ဦးဆောင်ပြီး တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၁–၁၁–၂၀၁၈ မှ ၂၄–၁၁–၂၀၁၈ ရက်နေ့အထိ ဂျပန်နိုင်ငံ **14th Study Tour in Japan on Law/Judicial Co-creation Program** သို့ သွားရောက်သည့် ခရီးစဉ်၊

၈။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးညွန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၏ **မုံရွာမြို့၊ လယ်တီရပ်ကွက်၊ စည်ပင်ဝင်းအတွင်း မြေအငှားချထားသော ပုဂ္ဂလိကပိုင် ကွန်ကရစ် ဖျော်စက်အား အငှားချထားပေးခြင်းမှ ရပ်စဲရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝင်းမင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ်၊ ထိန်ပင် နောက်ဆုံးစွန့်ပစ် အမှိုက်ပုံမှ အမှိုက်များအား မီးရှို့ရှင်းလင်း၍ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်း၊ စနစ်တကျ အမှိုက်များသိမ်းယူခြင်း၊ အမှိုက်စုပုံခြင်းများကို စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသောင်းဋ္ဌေးလင်း၊ ပုသိမ်ကြီး မဲဆန္ဒနယ်၏ **ပုသိမ်ကြီးမြို့နယ်၊ မင်းဂံ ကျေးရွာအုပ်စု၊ တောစုကျေးရွာ သဘာဝစိမ့်စမ်း ရေထိန်းတောအား နိုင်ငံတော်မှ နယ်နိမိတ်ဇရိယာသတ်မှတ်၍ ကျေးရွာပိုင် ရေထိန်းတော အဖြစ် ထိန်းသိမ်းကာကွယ် စောင့်ရှောက် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းအောင်ကျော်၊ ကျေးသီး မဲဆန္ဒနယ်၏ **ဝမ်ဖွီးသစ်တောကြိုးဝိုင်း နှင့် လွိုင်တောင်းသစ်တောကြိုးဝိုင်း နယ်နိမိတ်ဇရိယာအတွင်း ကျရောက်နေသော ရွာမြေ၊ သာသနာ့မြေ၊ ယာမြေ၊ လယ်မြေများကို မူလကတည်းက စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည့် ဒေသခံတောင်သူ လယ်သမားများ လက်ဝယ်သို့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ထူးခြားမြစ်ရေပြင် အရောင်အဆင်း ပြောင်းလဲမှု ဖြစ်စဉ်သည် ယခုအခါ အမ်းမြို့နယ်နှင့် မြေပုံမြို့နယ်ရှိ မြစ်ရေပြင်များအထိပါ ပျံ့နှံ့ရောက်ရှိနေသည်ဖြစ်ရာ ထိုရေပြင် ညစ်ညမ်းမှုသည် မည်သည့်အကြောင်းအရင်းကြောင့် ဖြစ်ပေါ်ရသည်၊ လူသားများနှင့် ရေနေသတ္တဝါများအပေါ် မည်ကဲ့သို့ဆိုးကျိုးများ ကျရောက်နိုင်သည်ကို စိစစ်ဖော်ထုတ်ပေးပါမည်လား၊ ရေပြင် ညစ်ညမ်းမှုကြောင့် ဆုံးရှုံးနစ်နာခဲ့သော ဒေသခံများအား မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကိုသိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၏ **နိုင်ငံတစ်ဝန်းရှိ ပြည်သူများအတွက် အမှန်တကယ်လိုအပ်နေသော သစ်အသုံးပြုခွင့် ရရှိရေးအား မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ကွမ်းခြံကုန်း၊ ကျောက်တန်း၊ သုံးခွနှင့် ခရမ်းမြို့နယ်များရှိ မုတ္တမပင်လယ် ကမ်းရိုးတန်း ကုန်းတက်မြေ (၂၇၇၃၈) ဧက အား ဒီရေတော၊ ကြိုးပြင် ကာကွယ်တောများအဖြစ် သတ်မှတ်ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၉။ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်က **"အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မပြုနိုင်သေးမီ စပ်ကြားကာလတွင် နိုင်ငံတော် တစ်ဝန်းလုံးရှိ ရပ်ကွက်နှင့်ကျေးရွာများအားလုံး တစ်ပြေးညီ သန့်ရှင်းသပ်ရပ် သာယာလှပစေရန် စနစ်တကျ အမှိုက်သိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လုံလောက်မျှတစေမည့် အမှိုက် စုပုံကွင်းနှင့် အမှိုက်စွန့်ပစ်ကျင်းများ တိကျစွာ သတ်မှတ်ဖော်ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများထံသို့ ဦးစားပေး လုပ်ငန်း လမ်းညွှန်ချက် တစ်ရပ်အဖြစ် သတ်မှတ်ညွှန်ကြားပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **“မြန်မာ့သတ္တုတွင်း နည်းဥပဒေများ”** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။